# ဂျပန်စာတိုက်ဘဏ်ကို အသုံးပြုနေသော နိုင်ငံခြားသားဧည့်သည်များအတွက်

■ <u>ဘဏ်အကောင့်ဖွင့်သည့်အခါနှင့် အမျိုးမျိုးသော လုပ်ထုံးလုပ်နည်းများကို ပြုလုပ်သည့်အခါ နိုင်ငံသား၊ နေထိုင်ခွင့်အမျိုးအစား၊ နေထိုင်သည့်ကာလ စသည်တို့ကို စစ်ဆေးရန်အတွက် နေထိုင်ခွင့်ကတ်ပြားကို ဝန်ထမ်းထံ တင်ပြပါ။</u>

※ နေထိုင်ခွင့်ကတ်ပြားကို သက်တမ်းတိုးထားပါက လုပ်ထုံးလုပ်နည်းများ ပြီးမြောက်သည့်အခါ ကျွန်ုပ်တို့အား အသိပေးပါ။

※ သံတမန်များနှင့် နေထိုင်ခွင့်ကတ်ပြားကို ထုတ်ပေးခြင်းမခံရသော သူများသည် တင်ပြရန် မလိုအပ်ပါ။

■ <u>နေထိုင်ခွင့်သက်တမ်းကုန်ဆုံးရက်သည် ဘဏ်အကောင့်ဖွင့်ရန် လျှောက်ထားသည့်ရက်မှ 3လအတွင်းဖြစ်ပါက အကောင့်မဖွင့်နိုင်ပါ။</u>

ဂျပန်နိုင်ငံတွင် ဆက်လက်နေထိုင်ရန် အစီအစဉ်ရှိသော ဧည့်သည်ဖြစ်ပါက နေထိုင်မှုကာလကို သက်တမ်းတိုးပြီးနောက်တွင် နေထိုင်ခွင့်ကတ်အသစ်ဖြင့် ဘဏ်အကောင့်ဖွင့်ရန် လျှောက်ထားပါ။

※ နိုင်ငံသို့ဝင်သည့်အချိန်၌ သတ်မှတ်ခံထားရသော နေထိုင်ခွင့်ကာလသည် ၃လ သို့မဟုတ် ထိုထက်နည်းသူများနှင့် နေထိုင်ခွင့်ကတ်ပြားကို ထုတ်ပေးခြင်းမခံရသူများသည် ဂျပန်စာတိုက်ဘဏ် သို့မဟုတ် စာတိုက်တွင် ဘဏ်အကောင့်ဖွင့်၍မရပါ။

※ နေထိုင်ခွင့်အမျိုးအစား သို့မဟုတ် နေထိုင်သည့်ကာလကို သက်တမ်းတိုးရန် လုပ်ဆောင်နေပါကသက်တမ်းတိုးပြီးနောက် နေထိုင်ခွင့်ကတ်အသစ်ကို ယူဆောင်လာပါ။

■ <u>ကျောင်းသားကဒ်・ဝန်ထမ်းကဒ် စသည်တို့ကို တင်ပြပါ။</u>

နေထိုင်ခွင့်အမျိုးအစားက「留学(ကျောင်းသား)」・「技能実習(နည်းပညာဆိုင်ရာသင်တန်းသား)」ဖြစ်ပါကကျောင်းတက်နေကြောင်း သို့မဟုတ် ကုမ္ပဏီတွင် အလုပ်လုပ်နေကြောင်းကို အတည်ပြုရန်အတွက် နေထိုင်ခွင့်ကတ်နှင့်အတူ ကျောင်းသားကဒ် သို့မဟုတ် ဝန်ထမ်းကဒ်စသည့်တိုကို ဝန်ထမ်းထံတင်ပြပါ။

※ ကျောင်း သို့မဟုတ် ကုမ္ပဏီထံ ဂျပန်စာတိုက်ဘဏ် သို့မဟုတ် စာတိုက်ရုံးမှ ဆက်သွယ်သည့်အခါလည်း ရှိနိုင်ပါသည်။

■ <u>ဘဏ်အကောင့်ဖွင့်ရန် အချိန်အနည်းငယ်ကြာနိုင်သည်။</u>

ဆက်စပ်ဥပဒေနှင့် စည်းမျဉ်းများအပေါ်အခြေခံ၍ စစ်ဆေးမှုအမျိုးမျိုးကြောင့် လျှောက်လွှာလက်ခံသည့်နေ့တွင် အကောင့်ဖွင့်၍မရနိုင်ဘဲ နောက်ရက်မှ ဘဏ်စာရင်းစာအုပ်ကို ဧည့်သည်၏နေအိမ်သို့ ပေးပို့သည့်အခါလည်း ရှိနိုင်ပါသည်။ တခါတရံ အခြေအနေနှင့်လိုက်၍ ဘဏ်အကောင့်ဖွင့်ရန် ငြင်းဆိုသည့်အခါများလည်းရှိပါသည်။

■ <u>အခြားသတိပြုစရာအချက်များ</u>

- တင်ပြသောစာရွက်စာတမ်းများကို မိတ္တူကူးယူပါမည်။
- **<u>လိပ်စာ သို့မဟုတ် အမည်ပြောင်းလဲခြင်းနှင့် နေထိုင်ခွင့်ကတ်ပြားကို သက်တမ်းတိုးထားပါက သက်တမ်းတိုးထားသည့်နေထိုင်ကတ်ပြားကို အတူယူဆောင်လာပြီး ကောင်တာတွင် လုပ်ထုံးလုပ်နည်းများကို ချက်ချင်းလုပ်ဆောင်ပါ။</u>**
- **<u>အကြောင်းကြားခြင်းမရှိပါကငွေပေးငွေယူများကို ယာယီကန့်သတ်ထားနိုင်သည်။</u>**
- နေထိုင်သူမဟုတ်သူအဖြစ် အကြောင်းကြားထားသူဖြစ်ပြီး နေထိုင်မှုအမျိုးအစားက နေထိုင်သူအဖြစ် ပြောင်းလဲပါက ကောင်တာသို့ ချက်ချင်း အကြောင်းကြားပေးပါ။
- **<u>နိုင်ငံသို့ပြန်သည့်အခါ သို့မဟုတ် ဂျပန်နိုင်ငံပြင်ပသို့ ပြောင်းရွှေ့သည့်အခါ ဘဏ်အကောင့်ကို ပိတ်ရန် သေချာပါစေ။</u>**
- အပြင်လူအားအသုံးပြုစေမည့် ရည်ရွယ်ချက်ဖြင့် **<u>ဘဏ်ကောင့်များ (ဘဏ်စာရင်းစာအုပ် နှင့် ငွေထုတ်ကတ်များ) ကို လွှဲပြောင်းခြင်း သို့မဟုတ် ဝယ်ယူရောင်းချခြင်းသည် ရာဇဝတ်မှုဖြစ်သည်။ လုံးဝမပြုလုပ်ပါနဲ့။</u>**

အရှေ့ဘက်




နောက်ကျောဘက်




အရင်းအမြစ်- လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီ ဝဘ်ဆိုဒ်